
mgyoe.com




# မိုးကျော်အောင်

## သစ်စက်နှင့် အခြားကဗျာများ

mgyoe.com

စိုင်းဝင်းမြင့်စီစဉ်သည်။

mgyoe.com



ISBN9789997117861
POEM56
9 789997 117861
1,500.00KS

mgyoe.com

သစ်စက်နှင့် အခြားကဗျာများ၊ မိုးကျော်အောင်
မျက်နှာဖုံးပန်းချီ - ဘငွေးကြည်
စာမျက်နှာ ၅၃ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# သစ်စက်နှင့် အခြားကဗျာများ

မိုးကျော်အောင်

ပထမအကြိမ် ၂၀၁၉

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

## မာတိကာ


၁။ အမုန်းချစ်တဲ့နေရာ . . . . . . . . . . . ၁

၂။ အိပ်မှုန်စုံမွှား လက်ဖက်ရည်ဆိုင် . . . . . . . . . . . ၃

၃။ သတိရခြင်းသက်ငြိမ်ကားတချပ် . . . . . . . . . . . ၅

၄။ ဗင်းဆင့်ဗန်ဂိုးညမျိုး . . . . . . . . . . . ၇

၅။ အိမ်အပြန်တေး . . . . . . . . . . . ၁၀

၆။ မိုးခေါင်ရေရှားနေ့များ . . . . . . . . . . . ၁၁

၇။ နံရံ . . . . . . . . . . . ၁၃

၈။ ဆိတ်ငြိမ်ရာ . . . . . . . . . . . ၁၄

၉။ ရှုံးနိမ့်ခြင်း . . . . . . . . . . . ၁၅

၁၀။ မေတ္တာတရား . . . . . . . . . . . ၁၆

၁၁။ အိမ် . . . . . . . . . . . ၁၇

၁၂။ ဒီအသံ . . . . . . . . . . . ၁၈

၁၃။ မီးတောင် . . . . . . . . . . . ၁၉

၁၄။ သစ်စက် . . . . . . . . . . . ၂၁

၁၅။ ပန်းပွင့်ဖြူကလေးများ . . . . . . . . . . . ၂၂

၁၆။ စံပယ်ပွင့် ညီမ . . . . . . . . . . . ၂၄


mgyoe.com

mgyoe.com

၁၇။ အပင်ငယ် . . . . . . . . . . . ၂၆
၁၈။ သမီးလေး . . . . . . . . . . . ၂၇
၁၉။ ငါ့သူငယ်ချင်း . . . . . . . . . . . ၂၈
၂၀။ မိုးသံလေသံ . . . . . . . . . . . ၂၉
၂၁။ နွေဦးပေါက် . . . . . . . . . . . ၃၀
၂၂။ ငှက်ကလေး . . . . . . . . . . . ၃၁
၂၃။ အလွမ်းများ . . . . . . . . . . . ၃၂
၂၄။ မိုးရေစက်တွေ . . . . . . . . . . . ၃၃
၂၅။ ခွဲခွာခြင်း . . . . . . . . . . . ၃၅
၂၆။ သမီးနှစ်ယောက် . . . . . . . . . . . ၃၆
၂၇။ ကလေးငိုသံ . . . . . . . . . . . ၃၇
၂၈။ ကျောင်းတုန်းက သူငယ်ချင်းတွေ . . . . . . . . . . . ၃၉
၂၉။ ငြိမ်းချမ်းရေးအဘိုးအို . . . . . . . . . . . ၄၁
၃၀။ လက်ဖက်ရည်ဆိုင်မှ လွတ်မြောက်ကြောင်း . . . . . . . . . . . ၄၂
၃၁။ အဖေ့ရဲ့ သီချင်း ဆိုချင်တဲ့စိတ် . . . . . . . . . . . ၄၃
၃၂။ ဟိုက္ကူသို့ . . . . . . . . . . . ၄၅
၃၃။ ကဗျာလေးတပုဒ် . . . . . . . . . . . ၄၆
၃၄။ နှစ်ပေါင်းများစွာ . . . . . . . . . . . ၄၈
၃၅။ ကြောင်ပေါက်စလေး . . . . . . . . . . . ၄၉
၃၆။ အမတမြစ် . . . . . . . . . . . ၅၀
၃၇။ လွန်ခဲ့သော ၂၅ နှစ် . . . . . . . . . . . ၅၁
၃၈။ ကျောင်းတက်ခွင့် . . . . . . . . . . . ၅၂
၃၉။ နွေဦး . . . . . . . . . . . ၅၃

❒

mgyoe.com

mgyoe.com

# အမုန်းချစ်တဲ့နေရာ

အဲဒီနေရာမှာ
သေတ္တာနီတလုံး လဲနေတယ်
သူ့နံရံမှာ စာတ်ပြားတချပ်
တပ်ထားတယ့်
(ကျောက်စရစ်သံ၊ ထစ်အသံတွေ
ပြန်ကြားနိုင်ရဲ့)

အဲဒီနေရာမှာ
ဟစ်တလာခေတ်က
"အက်စသာ" ရဲ့ ရင်ခုန်သံမျိုး
ပြန်ကြုံနိုင်တယ်
အားလုံးဦးခေါင်းထက်
မပဌာအိုးရှက်ထားသလိုပါပဲ။

mgyoe.com

mgyoe.com


အဲဒီနေရာမှာ
ဝရဇိန်လုံး လှိုင်းအပြင်းဆုံး
သုံးနေတယ်
ပေါ်ဦးသက်ရဲ့လှေကို
ကြည့်ရသလို
ကြာရင်
အက်ဒီဆင်စိတ်ကူးမျိုး
အပူခိုးလျှံပြီး
လူမိုးပျံရောမယ်။

အဲဒီနေရာမှာ
ပင်လယ်ဝံပုလွေဝါဒ
အသာရနေတယ်
မျက်ရည်ဆိုပွဲတိုင်းကျော်ပေါ့
ရေခဲရေတခွက်သောက်ချင်ရင်တော့
ဆိုခရေးတီးနဲ့ ရန်ဖြစ်ရလိမ့်မယ်။ ။

၁၉၈၄။

mgyoe.com

mgyoe.com



## အိပ်မှုန်စုံမွှား လက်ဖက်ရည်ဆိုင်

ဥမင်လှိုဏ်ခေါင်းထဲ
မီးရထားတစီး
ခုတ်မောင်းသွားနေဆဲ။
အိပ်ရေးမဝတဲ့အသံတွေ
ငိုက်မျဉ်းစရာကောင်းစွာ
လက်ဖက်ရည်၊ ကော်ဖီနဲ့
နွားနို့ပူပူများက
(မပြောဖြစ်သေးတဲ့
ဘာသာဗေဒတခုလို)
စောင့်စားနေကြပေါ့။

mgyoe.com

mgyoe.com


အဲဒီလူတစုရဲ့ စားပွဲမှာတော့
လက်ဖက်ရည်မရှိ
မုန့်မရှိ
ပတ္တာအိတ်မရှိ
လက်ပတ်နာရီမရှိ
နဂါးနီသီချင်းမရှိ
လမ်းပြအိမ်မြှောင်မရှိ
ခင်ဗျားတို့ထင်နေတဲ့
ရှိခြင်းတရားတွေလည်း မရှိ။
အာလူးစားသူများ
ဘယ်ခရီးသွားမှာလဲ...
ဘာစီးသွားမှာလဲ...
ဥမင်လိုဏ်ခေါင်းထဲ
မီးရထားတစီး
ခုတ်မောင်းသွားနေဆဲ...။ ။
၁၉၈၄။

mgyoe.com

mgyoe.com



## သတိရခြင်းသက်ငြိမ်ကားတချပ်

ခါတိုင်းလို...
ဆရာဆောင့်ပန်းချီကားထဲက
လှည်းလမ်းကြောင်းသေးသေးထဲမှာ
ဆိတ်တအုပ်သိမ်းလာပြီ။

သစ်စက်အလုပ်သမားတွေ
ထင်းစတွေကိုပြေးလွှားသယ်ကြ
ရွံ့ပေနေတဲ့ ကလေးတွေက
စွန်ပြတ်တွေကို လုယက်
ဟိုးမှာ... သစ်ခေါက်ခွာနေတဲ့ အပျိုမ
တွံတေးသိန်းတန်သီချင်းနဲ့
ခေါင်းတိုင်အိုက မီးခိုးဖြူတွေ...
လှည်းတစီး ဒုန်းမောင်းသွားတော့
ဖုန်မှုန့်တွေက ဖုံးလွှမ်းသွားပါတယ်။

mgyoe.com

mgyoe.com


အားလုံးက
ငါ့ကို သုညဖြစ်စေပေ့ါ။
(အနှစ်နှစ်ဆယ်ကျော်...
ကာလပေါ်ခေါက်ပြားတချပ်လို...)
ကလေးငယ်ဘဝ
ကြည့်နေကျ မှန်တချပ်ကို သတိရ။

ပြောင်းလဲသွားတာက
ဒေါမနဿဝေဒနာတွေနဲ့
ဆူးကြဲဒဏ်ရာတွေသာ...
ငါ့သွေးကြောထဲမှာ။ ။

ပန်မဂ္ဂဇင်း၊ ၁၉၈၅။

mgyoe.com

mgyoe.com



# မင်းဆင့်မနှင်းကိုးညမျိုး

အခုတော့
အဲသလိုညမျိုးမှာ
လမ်းသလားစရာ
မလိုတော့ပြီပေါ့။

နဂါးငွေ့တန်းနဲ့
ဖဲကြိုးနက်လမ်း
ငါ လွှမ်းနေရမှာ။

နေ့ခင်းက
မင်းနင်းခဲ့တဲ့ မြက်ပင်လေးလို
ငါ့နှလုံးသားတွေကြေမွ
ကြက်သီးမွေးထလောက်အောင်
တိုးငေ့သွားတာ
ချစ်သူရဲ့ ရနံ့တွေလား။

ပိုးစုန်းကြူး၊ လမ်းဘေးဓာတ်တိုင်နဲ့
လစမ်းရိပ်တစဟာ
ဘဝဖြစ်ပါတယ်။

တခါက
သူဟာ ဒဂုန်တာရာရဲ့
"လောကအမွှန်" ပန်းတပွင့်
မျှော်လင့်ခဲ့ရတယ်။

mgyoe.com

mgyoe.com


အိပ်မက်ပွင့်သစ်
နှင်းဆီထုံရစ်
ထာဝရအချစ်
ရင်မှာတွယ်မြစ်ပေါ့။

တကယ်
မျှော်လင့်ချက်ကုန်ဆုံးသွားပြီလားဟင်
ငါ မယုံချင်သေးဘူး။
(ရှုံးမှန်းသိရက်နဲ့
ရှုံးစာရင်းမကြည့်ရဲသလို)
ဘဝသေးသေးထဲမှာ
ချင်ခြင်းတွေမဆုံ့မပြ
ဘယ်သူထည့်ခဲ့သလဲ။

ဟင့်အင်း
ဒူးထောက်အညံ့မခံချင်ဘူး
ဘဝနှစ်များစွာထဲ ပျော်နှစ်
သစ္စာတရားကိုချစ်ဦးမယ်။

ညဟာ
ချစ်သူ "အာဆူလာ" ဆီသွား
ဗဂျီကျော် ဗင်းဆင့်ဗန်ဂိုး
ကြေကွဲရ... ညမျိုးပ။

မာန
သိက္ခာ
သစ္စာတရား
အချစ်စစ်
အလှသစ်နဲ့
တနေ့တော့တွေ့ရှိမှာ။

mgyoe.com

mgyoe.com



အို... ကမ္ဘာယာဉ်
ညထဲမှာ... အပြေးနှင်နေပြီလား
ကြယ်ဂြိုဟ်တွေနဲ့
သမိုင်းစဉ်ကြိုးတန်းပေါ်
လမ်းလျှောက်နေသရွေ့
ငါ့အချစ်ရှိနေမှာ...။

မီးကင်းသံလဲ့လဲ့
၁၂ ချက်
ခပ်သဲ့သဲ့ရယ်
ငါ့ရဲ့ သူမ
အိပ်မက်ထဲမှာ
သီချင်းတွေ ဆိုနေလောက်ပြီ။

မင်းနှင်းခဲ့မြက်ပင်လေးလိုည
ရင်ထဲကညတည
ဗင်ဂိုးရဲ့ည

အခုတော့
အဲသလိုညမျိုးမှာ
လမ်းသလားစရာ
မလိုတော့ပြီပေါ့။ ။

မြတ်လေးမဂ္ဂဇင်း၊ ၁၉၈၅။

mgyoe.com

mgyoe.com


# အိမ်အပြန်စေး

ငှါခေါင်းထဲမှာ
အနက်ရောင်ချည်တစနဲ့ပေါ့။
စက်ဘီးကလေးကို
ဖြည်းဖြည်းနင်းခဲ့တယ်။
လမ်းမှာ၊ မိတ်ဆွေအချို့ကို
လက်ပြနှုတ်ဆက်ဖို့
ရယ်ရွှင်ခြင်း ဗေဒအချို့
ဘယ်သူ လုယူခဲ့ပါလိမ့်။
နွေသုံးခုရှိပြီ...
ငှါ့နဖူးပေါ်က ချွေးစက်တွေနဲ့
ဟောဒီ လမ်းမကြီးကို
ချုံးပွဲချ ငိုကြွေးစေခဲ့တာပေါ့။
အိမ်ပြန်ရောက်ရင်တော့
ခြောက်သွေ့နွမ်းလျမှုဝတ်ရုံကို
ချွတ်တန်ကောင်းရဲ့လေ...။
အိမ်မှာ
တူကလေး "ဝမ်းတီး"
(ငြိမ်းချမ်းရေးသမားပေါ့)
သူ့ ဦးလေးနဲ့ဆော့ ကစားဖို့
စောင့်မျှော်နေရှာမယ်။ ။

၁၉၈၇။

mgyoe.com

mgyoe.com



## မိုးခေါင်ရေရှားနေ့များ

ငါ အိပ်စက်တော့မယ်
အသေကောင်လိုပေါ့
(နှစ်တွေက အေးစက်စက်)။

မနိုးပါနဲ့လေ...
အိတ်ကပ်ထဲ အိပ်မက်တွေအပြည့်ထည့်လို့
ပျော်ရွှင်နေပါ့မယ်။

ပျင်းတွဲတွဲ နေ့လယ်ခင်းတွေမှာ
လက်ဖက်ရည်ကျကျတခွက်ကို
ငါ ချစ်ခဲ့။

mgyoe.com

mgyoe.com


ကွန်ပျူတာငှက်တကောင်နဲ့
တမ်းတခြင်းတွေကို စားသုံးခဲ့။
ပေါ်ဦးသက်ရဲ့ "လှေ" ကို
ကြည့်နေရတာ ညောင်းညာလှပါပြီ။
နောက်တနေ့ မိုးရွာလိမ့်မယ်ဆိုတာ
မတွေးထင်တော့ပါဘူး။

အလို... ဆည်ရေလွှတ်မတဲ့လား။
အဲဒီအခါ မြေဇကာကွက်ထဲကရုန်းထ
ကမ္ဘာကြီးကို လှပစေမယ်ဗျား။

အခုများတော့
"အော်သံ" ပန်းချီကားထဲ အလည်ရောက်နေဆဲမှာ
ငါ အိပ်စက်တော့မယ်
နှစ်တွေက အေးစက်စက်နဲ့ပေါ့။ ။

ရသမိုးကောင်းကင်မဂ္ဂဇင်း၊
ဇူလိုင်၊ ၁၉၈၈။

mgyoe.com

mgyoe.com



# နံရံ

ငါ့ခေါင်းပေါ်က နံရံမှာ
ရတနာပြပွဲတခုရှိတယ်။
နဂါးငွေ့တန်း
ကြယ်နဲ့ ဂြိုဟ်များ
အမှန်တရားလို ဝင်းလက်နေပေါ့။

ငါ့ရင်ထဲကနံရံမှာ
ဓာတ်ပြားတချပ်သိမ်းထားတယ်။
ပင်လယ်
မြူမှုန်နဲ့ နေ့သစ်များ
ရာဇဝင်တခုကို ပြန်ပြောပြလိမ့်မယ်။ ။

ရှပ်ရှင်တေးကဗျာမဂ္ဂဇင်း၊
ဖေဖော်ဝါရီ၊ ၁၉၉၀။

mgyoe.com

mgyoe.com


# အိတ်ငြိမ်ရာ

နှာသီးဖျားမှာ
လေက တို့ ကစားနေတယ်။

တချက် တချက်
အတိတ်ခြေသံ ဖွဖွလေးတွေ
ကြားနေရတယ်။

ငှက်ကလေးကတော့
ခုန်ဆွခုန်ဆွနဲ့ပဲ။

အဲဒီငှက်ကလေးကို
တနေရာတည်းမှာ ငြိမ်နေအောင်
ကျနော် အားထုတ်ခဲ့ပါတယ်။

ဆည်းလည်းသံတို့ စီးပျံ့ရာ
ဓမ္မတေးတို့ လဲလျောင်းရာ
ထိုတောရယောဂီကျောင်းကလေးကို
သတိရအောက်မေ့ဆဲ။ ။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ ၁၉၉၀။

mgyoe.com

mgyoe.com



## ရှုံးနိမ့်ခြင်း

ပွဲတင်သံတိုးတိတ်
မိုးတိမ်တို့ ရွှေလျားပျောက်ကွယ်
ရင်ခွင်မျက်ရည်လည်...။ ။

၁၊ မေ၊ ၁၉၉၁။

mgyoe.com